# အခြေခံကျကျသုံးသပ်ချက်–မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူရ်မြို့တွင်း၌နေထိုင်သော မြန်မာနိုင်ငံမှဒုက္ခသည်များ၏မိသားစုစီမံကိန်း

WOMEN'S REFUGEE COMMISSION

UNHCR
The UN Refugee Agency

**ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များမဟာမင်းကြီးရုံး၊ အမျိုးသမီးဒုက္ခသည်အဖွဲ့အစည်း**
**နှင့်စီဒီစီတို့မှ ကြီးမှူး၍ လေ့လာသုံးသပ်ချက်**
**ဇွန်လမှ – ဩဂုတ်လ ၂၀၁၁**

**ဒုက္ခသည်အဖွဲ့အစည်းများမှစေတနာအားဖြင့်ပါဝင်သူများအတွက်အစီရင်ခံစာ**

## ကျွန်ုပ်တို့သည်မည်ကဲ့သို့သောလူတန်းစားများဖြစ်ကြသလဲ။

ကမ္ဘာနှင့်အဝှမ်းမှာရှိသည့်ဒုက္ခသည်များအားကာကွယ်စောင့်ရှောက်ရန်အတွက်၊ကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံးတော်မှဦးဆောင်၍ဆောင်ရွက်နေပါသည်။ အမေရိကန်နိုင်ငံ၊နယူးယောက်မြို့၌အခြေခံထားသော၊ အမျိုးသမီးဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်း(**Women's Refugee Commission**)သည်ဒုက္ခသည်များဆိုင်ရာဥပဒေများပြုပြင်ပြောင်းလဲခြင်း၊ မူများနှင့်အစီစဉ်များအား ပြုပြင်ခြင်း အားဖြင့်ဒုက္ခသည် များ၏ အခွင့်အရေးနှင့်အသက်အားကာကွယ်စောင့်ရှောက်ပေးနိုင်စေရန်အတွက် မကပဲမိမိတို့၏ပြည်တွင်း၌ပင်၊ရွှေ့ပြောင်းခြင်းခံရသည့်ဒုက္ခသည်အမျိုးသမီး၊ကလေးနှင့်လူငယ်များအတွက်ပါကာကွယ်စောင့်ရှောက်မှုရရှိစေရန်အတွက်အရေးပါသောအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ရောဂါကာကွယ်ရေးနှင့်ထိမ်းသိမ်းရေးဌါန(**Centers for Disease Control and Prevention, CDC**) သည်အမေရိကန်အစိုးရ၏ကိုယ်စားလှယ်တစ်ရပ်ဖြစ်သည်။ **CDC** အဖွဲ့အစည်း၏လက်၏အောက်တွင်၊ မျိုးပွားဌါနခွဲ တစ်ခု ရှိပါသည်။ ထိုဌာနသည်ဒုက္ခ သည်များနှင့် မိမိပြည်တွင်း၌ရွှေ့ပြောင်းခြင်းခံသောသူတို့၏မျိုးပွားခြင်း ဆိုင်ရာကျန်းမာရေးကိုလည်းအရေးပေါ်အခြအနေနှင့်နောက်ဆက်တွဲအခြေအနေများအားဂရုတစိုက်ဆောင်ရွက်နေသည့်အဖွဲ့အစည်းလည်းဖြစ်ပါသည်။



အမျိုးသမီးများအဖွဲ့လိုက်ဆွေးနွေးပွဲများတွင်ပါဝင်ဆွေးနွေးခြင်း။

## ဒုက္ခသည်များနှင့်မိသားစုစီမံကိန်း။

မိသားစုစီမံကိန်းဆိုသည်မှာ၊လူတစ်ဦးစီနှင့်လင်မယားစုံတွဲများအတွက်မိမိတွင်သားသမီးမည်မျှရှိလာနိုင်ကြောင်းကိုမိမိ၏ဆန္ဒအရသတ်မှတ်နိုင်ခြင်းပင်ဖြစ်ပေသည်။ ထို့အပြင်မိမိကလေးများအားမည်၍မည်မျှကြဲစေလိုကြောင်းကိုလည်းသန္ဓေတားဆီးခြင်းနည်းစနစ် များအသုံးပြုခြင်းအားဖြင့်သတ်မှတ်နိုင်ပါသည်။ကမ္ဘာ့လူ့အခွင့်အရေးဥပဒေအရ၊ မိသားစုစီမံကိန်းလုပ်ကိုင်ခြင်းသည် လူ့အခွင့်အရေးတစ်ရပ်အနေနှင့်သတ်မှတ်ထားပါသည်။(**CEDAW**)အမျိုးသမီးများအားဖိနှိပ်ခြင်းနည်းလမ်း မျိုးစုံပပျောက်ရေးအစည်းဝေး ဆုံးဖြတ်ချက်အရ၊ လူတစ်ဦးစီနှင့်လင်မယားစုံတွဲတိုင်းသည်မိမိ၏ဆန္ဒအရကလေးများအားမွေးဖွားနိုင်သည့်အပြင်၊ကလေးကြဲခြင်းနှင့်အချိန်နေ့ရက်တို့ကိုလည်းမိမိ၏ဆန္ဒအရသတ်မှတ်နိုင်ကြောင်းအားဖေါ်ပြထားလျက်ရှိပါသည်။ ၁၉၉၄–ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာလက်တွေ့လုပ်ဆောင်ချက်အစီစဉ်အရ၊လူတစ်ဦးစီနှင့်လင်မယားစုံတွဲတို့အနေနှင့် မိမိတို့၏ဆန္ဒအရ ကလေးအရေအတွက်အားမွေးဖွားပိုင်ခွင့်ရှိကြောင်းနှင့်ကလေးမွေးဖွားမှုကြဲစေခြင်း၊အချိန်ကာလကိုလည်းမိမိတို့အနေဖြင့်လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်းဖေါ်ပြထားပါသည်။

## ကျွန်ုပ်တို့သည်ကွာလာလမ်ပူရ်မြို့သို့မည်သည့်အတွက်ကြောင့်လာရပါသနည်း။

ကျွန်ုပ်တို့သည်မလေးရှားနိုင်ငံသို့လာရောက်ရသည့်အကြောင်းရင်းမှာ၊ ကွာလာလမ်ပူရ်မြို့ရှိမြန်မာဒုက္ခသည်များ၏မိသားစုစီမံကိန်းများအားလာရောက်လေ့လာရန်အတွက်ပင်ဖြစ်ပါသည်။ မြန်မာလူမျိုးများအနေနှင့် မိသားစုစီမံကိန်းအားမည်ကဲ့သို့သဘောထားကြောင်းနှင့် သန္ဓေတားဆေးနှင့်ကရိယာများအားရရှိနိုင်ခြင်းရှိမရှိ အားလေ့လာရန်အတွက် လည်းဖြစ်ပါသည်။ဒုက္ခသည်များအတွက်ကျန်းမာရေးဆောင့်ရှောက်မှုနှင့်မိသားစုစီမံကိန်းများအားဆောင်ရွက်ခြင်းရှိမရှိကိုလေ့လာရန်အတွက်ပင်ဖြစ်ပါသည်။

## ကျွန်ုပ်တို့လာရောက်လည်ပတ်သည့်အချိန်တွင် မည်သည့်အရာများအားဆောင်ရွက်လေ့ရှိသနည်း။

အမျိုးသမီးဒုက္ခသည်များကော်မီရှင်အဖွဲ့မှတယောက်ကွာလာလမ်ပူရ်မြို့ သို့ ၂၀၁၁ ခုနှစ်ဇွန်လနှင့်ဇူလိုင်လများအတွင်း ၈ပတ်လာရောက်လည်ပတ်ခဲ့ပါသည်။ မျိုးပွားသည့်အရွယ်အတွင်းမှာရှိသည့်(အသက် ၁၅-၄၉) အမျိုးသမီး၄၂၂ ဦးတို့အား ၊လူမျိုးနွယ်စု ၈-မျိုးမှတွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ယောက်ျားကြီး၊ အမျိုးသမီးများအပြင်၊ အရွယ် ရောက်ပြီးဖြစ်သောယောက်ျားနှင့်အမျိုးသမီးများ ပါဝင်ကြသည့် ၆၄-ဦးတို့ကိုလည်းတွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ထို့အပြင်၊ လူမျိုးနွယ်စုခေါင်းဆောင်များနှင့်လည်းမိသားစုစီမံကိန်းအကြောင်းကိုတွေ့ဆုံ ဆွေးနွေးခဲ့ရပါသည်။ ဒုက္ခ သည်များအတွက်ဖွင့်လှစ်ထားသောဆေးခန်း (၃) ခုမှ၊ ဆေးခန်းပိုင်ရှင်များနှင့်မည်သည့်ကျန်းမာရေးပြုစုမှုများအားဆောင်ရွက် ပေးကြောင်း များကိုဆွေးနွေးခဲ့ကြပါသည်။

ကွာလာလမ်ပူရ်မြို့ ရှိဒုက္ခသည်များအားတိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့်၊ သူတို့၏အမြင်နှင့်အတွေ့အကြုံ များအားသိရှိခဲ့ရပါသည်။ သူတို့နှင့်ကိုယ်တိုင် တွေ့ဆုံခဲ့ကြပြီး၊မိမိတို့၏အတွေ့အကြုံများနှင့်ဖြစ်အင်များအားသိရှိခွင့်ရရှိခဲ့သည့် အတွက်အထူးကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။

## ကျွန်ုပ်တို့လာရောက်လည်ပတ်ခဲ့သည့်အတွက်မည် သည့်အရာများအားတွေ့ရှိခဲ့ကြသနည်း။

၄၂.၂ %သောမျိုးပွားအရွယ်အမျိုးသမီးများသည်သန္ဓေတားဆေးကိုအသုံးပြု နေကြကြောင်းကိုတွေ့ရှိခဲ့ရပြီး၊ ထိုအထဲ၌မူဆလင်အမျိုးသမီး၃၂.၇ %နှင့် ခရစ်ယာန်အမျိုးသမီးများ ၆၅.၉ %ပါဝင်ကြောင်း ကိုလေ့လာတွေ့ ရှိခဲ့ကြ ပါသည်။ အသုံးများသောသန္ဓေတားနည်းစနစ်များမှာ၊ သောက်ဆေးပြား များအား သောက်သုံးခြင်း၊ ယောက်ျားတန်ဆာအားဆွဲထုတ်၍မိမိသုတ် ရည်များကိုအပြင်သို့လွှတ်ကျ စေသောနည်းနှင့် ယောကျ်ားများအသုံးပြု သောကွန်ဒွမ်းသုံး စနစ်တို့ပင်ဖြစ်ကြပါသည်။

ဒုက္ခသည်အများစုတို့သည်ကလေးမွေးဖွါးနှုန်းအားကြဲစေခြင်းအားဖြင့်၊မိခင် ကျန်းမာရေးပိုမိုကောင်းမွန်စေကြောင်း၊ကလေးနည်းပါးသည့်အတွက်စီးပွား ရေးအရမိဘအတွက်သက်သာစေကြောင်း၊ပိုမိုခက်ခဲလာသည့်မလေးရှားအ တွင်းပြသနာများကြောင့်ကလေးရရှိရန်ဆိုင်းငံ့ထားခြင်း၊စသည့်အကျိုး သက်ရောက်မှုများဖြစ်လာစေပါသည်။ ဒုက္ခသည်အများစု တို့သည်သန္ဓေ တားဆီးနည်းများအကြောင်းကိုသိရှိကြသော်လည်း၊တားနည်းစနစ် အမျိုး မျိုးနှင့်၄င်းတို့၏ဆိုးကျိုးများကိုမသိရှိကြကြောင်းတွေ့ရှိခဲ့ရပါသည်။ ကွာလာလမ်ပူရ်မြို့၌ဒုက္ခသည် ရှိသောဒုက္ခသည် ဆေးခန်းများမှာမိသားစု စီမံကိန်းအတွက်အားလုံးကောင်းမွန်သော်လည်း၊ ဒုက္ခသည်အများအနေနှင့် လက်လှမ်းမမှီနိုင်ကြောင်းကိုတွေ့ရှိခဲ့ကြရပါသည်။

ဒုက္ခသည်များအနေနှင့်မိသားစုစီမံကိန်းများအားမည်သည့်အရပ်များ၌ဒုက္ခ သည်ရရှိနိုင်ကြောင်းဟူသည့်သတင်းအချက်အလက်များလိုအပ်နေကြောင်း ကိုတွေ့ရှိခဲ့ရပါသည်။

## ကျွန်ုပ်တို့ယခုဘာလုပ်ကြရပါမည်နည်း။

အမျိုးသမီးများဒုက္ခသည်ကော်မီရှင်အဖွဲ့နှင့်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့ပူးပေါင်း ပြီးလျှင်၊ယနေ့အထိတွေ့ရှိခဲ့ရသောအချက်များအားသုံးသပ်ပြီး၊မြန်မာဒုက္ခသည် များ၏မိသားစုစီမံကိန်းများကိုပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။မိသားစုစီမံကိန်းအတွက်အကြံပြုလိုသောအချက်များမှာ၊-

- ဒုက္ခသည်များအတွက်ကျန်းမာရေးအလုပ်သမားများမှတဆင့်သော် ၄င်း၊အဖွဲ့အစည်းအတွက်ခန့်အပ်ထားသော ကျန်းမာရေး တာဝန်ခံ များမှတဆင့်သော်၄င်း ၊လူမျိုးနွယ်စုခေါင်းဆောင်များမှ၄င်း ၊သင် တန်းများအားပို့ချပေးခြင်းအားဖြင့်မိသားစုစီမံကိန်းဗဟုသုတများ ရရှိနိုင်မည်ဖြစ်သည်။
- ဒုက္ခသည်ဆေးခန်းများနှင့်မိသားစုစီမံကိန်းများအတွက်အပြန်အလှန် ဆက်သွယ်မှုများကောင်းမွန်အောင်ပြုလုပ်ခြင်းအားဖြင့်မိသားစုစီမံ ကိန်းများအားတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။
- ကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံးအနေနှင့်၊သက်သာသည့်အခမဲ့မိ သားစုစီမံကိန်းများအားဆောင်ရွက်ပေးခြင်းနှင့်စကားပြန် များအား ခန့်အပ်ခြင်းအားဖြင့်ဒုက္ခသည်အိမ်နီးခြင်းမိသားစုများအတွက် ထိရောက်စွာမိသားစုစီမံကိန်းကိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။





**အမျိုးသားများလဲ အဖွဲ့ လိုက်ဆွေးနွေးပွဲများတွင်ပါဝင်ဆွေးနွေးခြင်း**


# အကယ်လို့ကျွန်ုပ်တို့အလုပ်နှင့်ပတ်သက်ပြီး သင်ပိုပြီးသိလိုပါက

ကွာလာလမ်ပူရ်မိသားစုစီမံကိန်းနှင့်ပတ်သက်ပြီးသိလိုပါက
အောက်ပါလိပ်စာများနှင့်ဆက်သွယ်နိုင်သည်။


ဗုဒ္ဓဘာသာစုကြည်အခမဲ့ဆေးခန်း
၂၂၁၊ ၄လွှာဝိစမားအယ်တီအက်စ်
၅၅၁၀၀ ကွာလာလမ်ပူရ်
တယ်လီဖုန်းနံပါတ်   ၀၃၂၁၄၂၁၅၆၇




ဆလန်ဂေါ ၊ဒဗလျူ ပီ
၂၂အမ် ရျလမ်းဆုန်ကိုင်ႈပီးစီး
၅၇၁၀၀ ကွာလာလမ်ပူဂ်
တယ်လီဖုန်း ၀၃၉၂၂၂၁၈၅၈




၂ဘီ လိုလောင်းဆိုင်ဂါဘူထာဂီရိ
၅၀၄၆၀ ကွာလာလမ်ပူရ်
ဖုန်း ၀၃၂၂၇၄၃၄၈၉




၃၅-၂-၁ ရျလမ်း၃-၅၀ တိုင်းမွန်းစကွဲ
၅၃၀၀၀ကွာလာလမ်ပူရ်
ဖုန်း၀၃ ၄၀၂၁၉၁၀၃




ကာရှီတန် အိပုနှင့်အနတ်ခ ဆေးခန်း
မိခင်နှင့်ကလေးကျန်းမာရေးဆေးခန်း
ကျန်းမာရေးဝန်ကြီးဌာန
ရျလမ်းဟန်တွ
၅၅၂၀၀ ကွာလာလမ်ပူဂ်
ဖုန်း ၀၃၉၂၂၁၄၄၄၅
သို့မဟုတ်
ရွှန်တိန်းဝမ်
အိုင်အေတီဌာန
ဒုက္ခသည်များဆိုင်ဂါမဟာမင်းကြီးရုံး မလေးရှား
ဖုန်း ၀၃၂၁၁၄၁၁၃၂၂

အမျိုးသမီးဒုက္ခသည်များဆိုင်ရာအဖွဲ့စည်းနှင့်ပြည်တွင်းတွင်ပင်ပြောင်းရွှေ့ခံရသည့် အမျိုးသမီးဒုက္ခသည်နှင့်ကလေးသူငယ်များအကြောင်းပိုပြီး
သိလိုပါကဆက်သွယ်ရန်။

**http://www.womensrefugeecommission.org**
**mailto:info@wrcommission.org**

ဓာတ်ပုံများ အမျိုးသမီး ဒုက္ခသည်များဆိုင်ဂါအဖွဲ့အစည်း ဆာဂါဖဂင်ႉ
ယင်းအစီဂင်ခံချက်ကို အယ်ဂင်မကွဲ ကရေးသားပါသည်